ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးမြညိမ်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ

လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၄.၆၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ် မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ခွင့်ပန် ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကျန်းမာရေးဆေးစစ်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေး(၈)၊ ကျန်းမာရေး ဆေးစစ် ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ဆေးစစ်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေးမကောင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကျန်းမာရေးမကောင်း။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေးဝင်း၊ ရခိုင် (၇)၊ ဆေးစစ်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)၊ အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နိုင်ငံတော်အစိုးရမှ ဒေသဖွံ့ဖြိုးရေးအတွက် ဆော - လောင်းရှည် - စေတုတ္တရာ လမ်းဖောက်လုပ်ရာတွင် နှစ်ပေါင်းများစွာ ဓားမဦးချ လုပ်ကိုင်ခဲ့သော လယ်ယာမြေများ ပျက်စီးဆုံးရှုံး နစ်နာရခြင်းအတွက် ဥပဒေအရ ထိုက်သင့်သော လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)(ဥက္ကဋ္ဌ၊ တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွား မြှင့်တင်ရေးကော်မတီ)မှ ဦးဆွေအောင် က နိုင်ငံတော်အစိုးရ မှ ဒေသဖွံ့ဖြိုးရေးအတွက် ဆော - လောင်းရှည် - စေတုတ္တရာ လမ်းဖောက်လုပ်ရာတွင် နှစ်ပေါင်းများစွာ ဓားမဦးချ လုပ်ကိုင်ခဲ့သော လယ်ယာမြေများ ပျက်စီးဆုံးရှုံး နစ်နာရခြင်းအတွက် ဥပဒေအရ ထိုက်သင့်တဲ့ လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပြီးတော့ တောင်သူလယ်သမားနှင့် အလုပ်သမား အကျိုးစီးပွား မြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌတစ်ယောက်လည်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ မေးရမယ့် မေးခွန်းကတော့ နိုင်ငံတော်အစိုးရမှ ဒေသဖွံ့ဖြိုးရေးအတွက် ဆော-လောင်းရှည်-စေတုတ္တရာ လမ်းဖောက်လုပ်ရာတွင် နှစ်ပေါင်းများစွာ ဓားမဦးချလုပ်ကိုင်ခဲ့သော လယ်ယာမြေများ ပျက်ဆီးဆုံးရှုံးနစ်နာခြင်းအတွက် ဥပဒေအရ ထိုက်သင့်သော လျော်ကြေးများပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်း သွားမှာ ဖြစ်ပါတယ်။

ဒီ မေးခွန်းကတော့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၊ လောင်းရှည်ကျေးရွာအုပ်စုမှာ နေကြတဲ့ ဦးသိန်းထွန်းအောင် နဲ့ ဒေါ်သိန်းရီ တို့အား လယ်ယာမြေများကို နှစ်စဉ် မြေခွန်များပေးပြီးတော့ ပေးဆောင်ခဲ့ပြီး ဆောင်ရွက်ခဲ့ကြတဲ့အခါမှာ သမ္မတကြီးဦးသိန်းစိန် နှင့် အစိုးရအဖွဲ့ အာဏာရရှိပြီး နောက်ပိုင်းမှာ တောင်သူလယ်သမားများအား မြို့နယ်မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေလုပ်ကိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)များ ထုတ်ပေးခဲ့ကြောင်းသိရပါတယ်။ ဒါ လွန်ခဲ့တဲ့ ၂၀၁၃ - ၂၀၁၄ ကာလက နိုင်ငံတော်အစိုးရမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆော-သီးကုန်း-လောင်းရှည်-စေတုတ္တရာလမ်းဖောက်လုပ်ရာတွင် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိထားပြီးဖြစ်တဲ့ ကွင်းအမှတ်- ၂၀၅၊ ပိန်းချောင်းကွင်း၊ ဦးပိုင်အမှတ် (၁၀၁/၃၁၉) မြေဧရိယာဧက (၂)ဧက ဧရိယာခန့်ရှိမြေ၊ ကွင်းအမှတ် - ၂၀၀၊ လောင်းရှည်ရွာမကွင်း၊ ဦးပိုင်အမှတ်(၉၃/၃၆) မြေဧရိယာ (၁)ဧကခန့်ရှိမြေများအတွင်းသို့ မည်သို့မျှ အကြောင်းမကြားဘဲ လမ်းများဖောက်လုပ်ခဲ့ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ၎င်း၏လယ်မြေများအား ဘဝရပ်တည်ရှင်သန်ရေးအတွက် စိုက်ပျိုးထားသော နှစ်ရှည်၊ နှစ်တိုသီးနှံများ ဖျက်ဆီးခံရခြင်း၊ ဆုံးရှုံးရခြင်းနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါသဖြင့် ဒေသခံပြည်သူ

များ၏ နစ်နာမှုများအတွက် ဥပဒေအရ ထိုက်သင့်သော လျော်ကြေးများပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ကလေး-သိုင်ငင်း-ဖလမ်းကားလမ်း မိုင်တိုင် ၄၄/၃ မှ လက်ဝဲဘက်သို့ ကားလမ်းသစ်ဖောက်လုပ်ပြီး ဇောင်လဲရွာတွင် ပြန်လည်ပေါင်းစည်းကာ အဆင်းလမ်းအဖြစ် အသုံးပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ကလေး-သိုင်ငင်း-ဖလမ်းကားလမ်း မိုင်တိုင် ၄၄/၃ မှ လက်ဝဲဘက်သို့ ကားလမ်းသစ်ဖောက်လုပ်ပြီး ဇောင်လဲရွာတွင် ပြန်လည်ပေါင်းစည်းကာ အဆင်းလမ်းအဖြစ် အသုံးပြုရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ဝင်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုရာဆန္ဒ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်သွင်းခဲ့တဲ့ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီးမှ ကလေး-သိုင်ငင်း-ဖလမ်းကားလမ်း မိုင်တိုင် ၄၄/၃ မှ လက်ဝဲဘက်သို့ ကားလမ်းသစ် ဖောက်လုပ်ပြီး ဇောင်လဲရွာတွင် ပြန်လည်ပေါင်းစည်းစေကာ အဆင်းလမ်းအဖြစ် အသုံးပြုရန် အစီအစဥ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ တင်ပြရခြင်း အကြောင်းအရင်းကတော့ ဒီဖော်ပြတဲ့ မိုင်တိုင်ကနေပြီးမှ ကျွန်တော်တို့ ဖလမ်းဘက်ကို သွားလို့ရှိရင် (၃)ဖာလုံ၊ (၄)ဖာလုံလောက်မှာ ပြီးခဲ့တဲ့ နှစ်က မိုးကြီးတဲ့အတွက်ကြောင့် လမ်းကပြိုကျပြီးမှ ကတ္တရာလမ်းကိုလည်း ပိတ်ဆို့နေပါတယ်။ အပေါ်က နေပြီးမှလည်း မြေစာများ ပိတ်ဆို့မှုများဖြစ်ပြီးမှ နောက်ထပ်လည်း ပြိုကျမယ့်အပိုင်းမှာ ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်မှာလည်း အဲဒီအနားမှာ မြေပြိုမှုကြောင့် ကားအစီး(၇၀)လောက် (၃)၊ (၄)ရက် လောက်တောင် နေနေ ရတဲ့ အကြောင်းလည်း သိရှိရပါတယ်။ အခုလမ်းကို စိုးရိမ်ရတဲ့အပိုင်းမှာ ရှိတဲ့အတွက်ကြောင့် ဒီ (၄၄) မိုင်၊ (၃)ဖာလုံကနေပြီးမှ အဲဒီ့တောင်ကုန်းရဲ့ အရှေ့ဘက်၊ လက်ဝဲဘက်ကနေပြီးမှ လမ်းဖောက်ပြီးမှ ဇောင်လဲရွာ သို့ ပြန်လည်ပေါင်းစည်းစေပြီးမှ ဖောက်နိုင်လို့ရှိရင်တော့ ဒီ အန္တရာယ်ရှိတဲ့ လမ်းကိုလည်းပဲ ဒီရှောင်ကွင်းနိုင်တဲ့ လမ်းဖြစ်နိုင်မှာပါ။ နောက် အဆင်းလမ်းအတွက်လည်း အသုံးပြုလို့ရမယ်ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြလိုတာကတော့ တစ်ခုတော့ရှိတယ်။ အဲဒီ ရွာလမ်း သစ်ဖောက်မယ့် နေရာရဲ့ အောက်မှာရှိတဲ့ ဒုန်မန်းကျေးရွာဟာ ပြီးခဲ့တဲ့ ဇူလိုင်လတုန်းက မိုးသည်းထန်စွာ ရွာသွန်းတဲ့အတွက်ကြောင့် အဲဒီအောက်ကချောင်းရေကို အဆမတန်ကြီး ရေကြီးပြီးမှ အနားမှာရှိတဲ့ မိုးမခ ပင်များ၊ တခြားအပင် (၃၀)၊ (၄၀)ပေခန့်မြင့်တဲ့ အပင်ကြီးတွေလည်း အကုန်လုံး ရေထဲမှာမျောပါပြီးမှ အဲဒါတွေကို ရွာသားတွေကနေ အဲဒါကိုကြည့်နေကြတယ်။ အဲဒီကြည့်နေကြတဲ့အချိန်မှာ အဲဒီ့ ဒုန်မန်း

ကျေးရွာမှာလည်း (၄)၊ (၅)နေရာကနေပြီးမှ မြေအက်ကြောင်းဖြစ်ပြီးတော့မှ ပြိုမယ့်အပိုင်းမှာ ရှိတဲ့အတွက်ကြောင့် သူတို့ကလည်း အဲဒီမှာ မနေရဲဘဲနဲ့ အဲဒီ ဇောင်လဲမှာပဲ တစ်ပတ်လောက် ခိုနေရပါတယ်။ တိမ်းရှောင်ပြီးတော့နေတယ်။ နောက် မိုးတိတ်လာတဲ့အခါမှာ သူတို့ပြန်သွားတဲ့ အခါကျတော့ ရွာမှာ အခုအထိမနေရဲအောင် ဖြစ်နေတဲ့အတွက်ကြောင့် အဲဒီကားလမ်းကို ဖောက်ပြီးလို့ရှိရင် အဲဒီ ကားလမ်းဘေးမှာပဲ အိမ်နေရာချထားဖို့၊ ပြောင်းရွှေ့ဖို့ အစီအစဉ်လည်း ရှိပါတယ်။

အဲဒါကြောင့် ဒီပြောင်းရွှေ့ပြီးမှ လမ်းသစ်ဖောက်လို့ရှိရင် သူတို့အိမ်နဲ့ ထိခိုက်မှာလည်း ဖြစ်နိုင်တဲ့အတွက်ကြောင့် အခုလမ်းကို အရင်ဖောက်ပြီးမှ ဒီရွာသားတွေကိုလည်း အဲဒီနေရာမှာ ချထားလို့ရှိရင်တော့ ဒီအစိုးရအနေနဲ့လည်း -----

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများအားလုံး သုခမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဆွေအောင် မှ မေးမြန်းထားတဲ့ နိုင်ငံ တော်အစိုးရမှ ဒေသဖွံ့ဖြိုးရေးအတွက် ဆော-လောင်းရှည်-စေတုတ္တရာလမ်း ဖောက်လုပ်ရာတွင် နှစ်ပေါင်းများစွာ ဓားမဦးချလုပ်ကိုင်ခဲ့တဲ့ လယ်ယာမြေများ ပျက်ဆီးဆုံးရှုံးနစ်နာရခြင်းအတွက် ဥပဒေအရ ထိုက်သင့်သော လျော်ကြေးများပေးပါရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်နဲ့ ဂန့်ဂေါခရိုင် အတွင်းမှာရှိတဲ့ ပဒါန်း-ငဖဲ၊ စေတုတ္တရာ-လောင်းရှည်-သီးကုန်း-ဆော ဖောက်လုပ်ရာမှာ လမ်းဧရိယာနဲ့ မလွတ်ကင်းတဲ့ ပါဝင်သွားတဲ့ ဆောမြို့နယ်အတွင်းမှာရှိတဲ့ တောင်သူများရဲ့ မြေယာလျော်ကြေးနဲ့ သီးနှံနစ်နာကြေးများကို ပေးချေနိုင်ရန် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်မှ တင်ပြချက်များအား တိုင်းဒေသကြီး မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီမှ ဆုံးဖြတ်အတည်ပြုခဲ့တဲ့အတွက် ဆောမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု(၅)ခုမှ တောင်သူ(၂၄)ဦးနဲ့ လယ်ယာမြေ(၇.၄၅)ဧကအတွက် စုစုပေါင်း မြေယာလျော်ကြေးနဲ့ သီးနှံနစ်နာကြေး ငွေကျပ်(၁၃၇၆၅၀၀၀)ကျပ်ကို ၂၄-၈-၂၀၁၅ ရက်နေ့မှာ ပေးလျော်ခဲ့ပြီး ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပဒါန်း-ငဖဲ-စေတုတ္တရာ-လောင်းရှည်-သီးကုန်း-ဆောလမ်း ဖောက်လုပ်ရာမှာ ဆောမြို့နယ်မှ ဦးသိန်းထွန်းအောင် ပါ တောင်သူ(၄)ဦးနဲ့ ဒေါ်သိန်းရီ တို့ရဲ့ လယ်ယာမြေများ

ပါဝင်ခဲ့မှုနဲ့ ပတ်သက်ပြီးတော့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနမှ ကွင်းဆင်းစိစစ်ခဲ့ပါတယ်။ စိစစ်တွက်ချက်မှုအရ အဆိုပါ လမ်းဖောက်လုပ်ရာမှာ ပါဝင်သွားခဲ့တဲ့ ဦးသိန်းထွန်းအောင် ပါ တောင်သူ(၄)ဦးရဲ့ လယ်မြေများမှာ ကွင်းအမှတ်(၂၀၅/ ပိန်းချောင်းရွာမကွင်း)၊ ဦးပိုင်အမှတ်(၁၀၁/၃၁၉) မြေဧရိယာ(၁)ဧက။ ကွင်းအမှတ်(၂၀၅/ပိန်းချောင်းရွာမကွင်း)၊ ဦးပိုင်အမှတ်(လ/၂၇)၊ မြေဧရိယာ (၀.၅) ဧက။ ကွင်းအမှတ်(၂၀၁/မြို့သစ်ကွင်း)၊ ဦးပိုင်အမှတ်(၆၆/၂၁၄)၊ မြေဧက (၁)ဧက။ ကွင်းအမှတ်(၂၀၁/ မြို့သစ်ကွင်း)၊ ဦးပိုင်အမှတ်(၆၆/၂၁၆)၊ မြေဧရိယာ(၁)ဧက၊ စုစုပေါင်း မြေဧရိယာ (၃.၅)ဧကအတွက် နစ်နာကြေးကျပ်(၅၂၅၀၀၀၀)သိန်းနဲ့ ဒေါ်သိန်းရီ ရဲ့ ကွင်းအမှတ်(၂၀၀/လောင်းရှည်ရွာမကွင်း)၊ ဦးပိုင် အမှတ်(၉၃/၃၆)၊ မြေဧရိယာ (၀.၇)ဧကအတွက် နစ်နာကြေး ကျပ်(၁၀၅၀၀၀၀)တို့ကို ပေးချေနိုင်ရန် ဆောမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ဂန့်ဂေါခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပဒါန်း-ငဖဲ-စေတုတ္တရာ-လောင်းရှည်-သီးကုန်း-ဆောလမ်း ဖောက်လုပ်ရာမှာ လမ်းဧရိယာနဲ့ မလွတ်ကင်းတဲ့အတွက် ပါဝင်သွားခဲ့တဲ့ ဦးသိန်းထွန်းအောင် ပါ တောင်သူ (၄)ဦးနဲ့ ဒေါ်သိန်းရီ တို့ရဲ့ လယ်ယာမြေများအတွက် နစ်နာကြေးများအား သက်ဆိုင်ရာ မကွေးတိုင်းဒေသကြီး ခရိုင်၊ မြို့နယ် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်ရဲ့ အတည်ပြုချက်ရရှိပါက မြေယာလျော်ကြေး အမြန်ဆုံးပေးချေပေးရေးအတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ပထမမေးခွန်းကို လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်၊ အမှတ် (၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျွန်ခဲန်း မှ မေးမြန်းထားတဲ့ ကလေး-သိုင်းငင်း-ဖလမ်းကားလမ်း မိုင်တိုင် ၄၄/၃ မှ လက်ဝဲဘက်သို့ ကားလမ်းသစ်ဖောက်လုပ်ပြီး ဇောင်လဲရွာသို့ ပြန်လည်ပေါင်းစည်းကာ ၎င်းလမ်းအား အဆင်းလမ်းအဖြစ်အသုံးပြုပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ကလေး-ဖလမ်း-ဟားခါး မိုင် ၈/၇ မှ ၁၂၄/၀ အထိ (၁၁၅)မိုင်နဲ့ (၁)ဖာလုံဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်တဲ့ လမ်းအပိုင်းဖြစ်ပါတယ်။ ကလေး-ဖလမ်း-ဟားခါးလမ်း မိုင် ၄၄/၃ မှ လက်ဝဲဘက်မှာရှိတဲ့ လမ်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းမဟုတ်ဘဲ မိုင် ၄၄/၃ မှ ဇောင်လဲရွာ မိုင် ၄၆/၄ အထိ (၂)မိုင်၊ (၁) ဖာလုံခန့် ရှည်လျားတာ ဖြစ်ပါတယ်။ ဇူလိုင်လအတွင်းမှာ ရွာသွန်းခဲ့တဲ့ မိုးဒဏ်ကြောင့် ပျက်စီးမှု ဖြစ်ပေါ်ခဲ့တဲ့ ကလေး-ဖလမ်း-ဟားခါးလမ်းအပိုင်းမှာ တောင်ပြိုမြေ ဖယ်ရှားခြင်း၊ လမ်းဘေးတစ်ဘက်ရှိ တောင်အား ချဲ့၍ လမ်းလွှဲပြုလုပ်ပေးခြင်း၊ ကျောက်များစီခင်းခြင်းနဲ့ လမ်းဘေးကာကွယ်တိုင် စိုက်ထူခြင်း လုပ်ငန်းများ ဆောင်ရွက်ထားပြီး ဖြစ်တဲ့အတွက် လူစီးယာဉ်များ၊ လိုင်းကားငယ်များ၊ ကုန်တင်ယာဉ်များနဲ့ ဟားခါးဘက်ကိုသွားတဲ့ ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်တဲ့ယာဉ်ကြီးများဟာ နေ့ရောညပါ အဆင်ပြေချောမွေ့စွာ သွားလာနေပြီ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတောင်းဆိုထားတဲ့ လမ်းအပိုင်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းမဟုတ်တဲ့အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ် သိမ်းသွင်းသတ်မှတ်ရေး တင်ပြခွင့်ပြုချက်

ရရှိပြီးမှသာ ရန်ပုံငွေများ တင်ပြတောင်းခံပြီး လမ်းဖောက်လုပ်ခြင်းနဲ့ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားနိုင်မှာ ဖြစ်တဲ့အတွက် ပထမအဆင့်အနေနဲ့ ဒီလမ်းကို ဆောက်လုပ်ရေးဌာနပိုင် လမ်းအဖြစ် ဆောင်ရွက်ဖို့လိုပါတယ်။ ဒီ လမ်းနဲ့ပတ်သက်ပြီးတော့လည်း ချင်းပြည်နယ်အစိုးရ အနေနဲ့ မိုးရာသီကာလမှာ အခက်အခဲများစွာနဲ့ ကြုံတွေ့ခဲ့ရတဲ့ နမူနာကိုယူပြီးတော့ ဒီဟာကို လမ်းလွှဲအနေနဲ့ ဖောက်လုပ်ဖို့လည်း ချင်းပြည်နယ်အစိုးရက ဆန္ဒရှိတဲ့အတွက် ချင်းပြည်နယ်အစိုးရ ဝန်ကြီးချုပ်ကိုလည်း ကျွန်တော်တို့ ဒါလှမ်းပြီးတော့ ညှိနှိုင်းပြီးပါပြီ။ သူလည်းပဲ ပြည်ထောင်စုအစိုးရကို တင်ပြပြီးတော့ ဆောက်လုပ်ရေးပိုင်လမ်းအဖြစ် သိမ်းသွင်းပြီးတဲ့အခါမှာ ကျွန်တော်တို့ရဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ပိုးသတ်ဆေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကိုအတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၂၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပိုးသတ်ဆေး ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်းဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

ပြည်သူ့လွှတ်တော်က အပိုဒ် ၂(ခ)၊ အပိုဒ် ၁၄(က)(ခ)(ဂ)၊ အပိုဒ် ၁၇(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၂၃(င)၊ အပိုဒ် ၂၄(ဃ)(င)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁ တို့ကို ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ခ)၊ အပိုဒ် ၁၄(က)(ခ)(ဂ)၊ အပိုဒ် ၁၇(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၂၃(င)၊ အပိုဒ် ၂၄(ဃ)(င)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ခ)၊ အပိုဒ် ၁၄(က)(ခ)(ဂ)၊ အပိုဒ် ၁၇(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၂၃(င)၊ အပိုဒ် ၂၄(ဃ)(င)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် -

အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၂၃(စ)၊ အပိုဒ် ၂၄(ဈ)၊ အပိုဒ် ၂၅(ဈ)တို့ကို ပြည်သူ့လွှတ်တော်က မူလအဆိုပြုချက်အတိုင်း ထားရှိရန် အတည်ပြုထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည် ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၂၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါကအမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေး ရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

ပြည်သူ့လွှတ်တော်က အပိုဒ် ၁၈၊ အပိုဒ် ၃၃၊ အပိုဒ် ၃၈ တို့ကို ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈၊ အပိုဒ် ၃၃၊ အပိုဒ် ၃၈ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈၊ အပိုဒ် ၃၃၊ အပိုဒ် ၃၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၀း၂၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ ပထမပုံမှန် အစည်းအဝေးမှ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလအထိ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဒေါ်နန်းနီနီအေး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှင်။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာကို လွှတ်တော်မှ သဘောတူ လက်ခံပေးနိုင်ပါရန် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်မ ဒေါ်နန်းနီနီအေး မှ အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၃၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန်

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးမြင့်ထွန်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သဘောတူလက်ခံပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာ ဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန်

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေး ကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့ အတွက် အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဗိုလ်မှူးဇဝန (အတွင်းရေးမှူး၊ မဟာဗျူဟာလေ့လောရေးနှင့် သုတေသနကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်မှ သဘောတူလက်ခံရန် အဆိုအား ကော်မတီအတွင်းရေးမှူး ကျွန်တော် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဇဝန မှ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန်

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့ သူမရှိတဲ့အတွက် အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကာလများအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး (ဥက္ကဋ္ဌ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင် က ဒီနေ့ရာကနေပြီးတော့ ဂါရဝပြုရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ ဥက္ကဋ္ဌအနေနဲ့ ကျွန်တော်က ကော်မတီရဲ့ အမျိုးသား လွှတ်တော်သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်
## အစိုးရမဟုတ်သောပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ
## ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

### နိဒါန်း

၁။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သော ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၂၆)ရက်နေ့တွင် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။

### ရည်ရွယ်ချက်ကတော့

၂။ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်နှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စိစစ်ကြပ်မတ် ကူညီဆောင်ရွက်ရန် ဖြစ်ပါသည်။

### ကော်မတီဖွဲ့စည်းခြင်း

၃။ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီကို အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အောက်ဖော်ပြပါအတိုင်း အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းတာဝန်ပေးခဲ့ပါတယ် -

(က) ၂၆-၁-၂၀၁၂ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၂)အရ ဥက္ကဋ္ဌ ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၅)၊ အတွင်းရေးမှူး ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆)တို့ အပါအဝင် ကော်မတီဝင် (၁၅)ဦးဖြင့် လည်းကောင်း၊

(ခ) ၂၂-၃-၂၀၁၂ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၂၈/၂၀၁၂)အရ ဥက္ကဋ္ဌ ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)၊ အတွင်းရေးမှူး ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၂)တို့ အပါအဝင် ကော်မတီဝင် (၁၅)ဦးဖြင့် လည်းကောင်း၊

(ဂ) ၁-၉-၂၀၁၂ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၂)အရ ဥက္ကဋ္ဌ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)၊ အတွင်းရေးမှူး ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)တို့အပါအဝင် ကော်မတီဝင်(၁၅)ဦး တို့ဖြင့်လည်းကောင်း၊

(ဃ) ၅-၈-၂၀၁၃ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၃) အရ ဥက္ကဋ္ဌ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)၊ အတွင်းရေးမှူး ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂)တို့ အပါအဝင် ကော်မတီဝင် (၁၅) ဦးဖြင့်လည်းကောင်း၊

(င) ၁၈-၇-၂၀၁၄ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၄၃/၂၀၁၄)အရ ဥက္ကဋ္ဌ ဦးခင်မောင် (ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ်၊မဲဆန္ဒနယ်အမှတ်(၃)၊ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်စံဦး၊ တပ်မတော်သားကိုယ်စားလှယ်တို့ အပါအဝင် ကော်မတီဝင် (၉)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

**ကော်မတီရဲ့ လုပ်ငန်းတာဝန်များကတော့**

၄။ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(က) ကော်မတီသည် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၈ အရ လွှတ်တော်ကို တာဝန်ခံရမည်။

(ခ) ကော်မတီသည် နိုင်ငံတော်အတွင်း ဖွဲ့စည်းဆောင်ရွက်နေကြတဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) များနှင့် ပြည်ပကအဖွဲ့အစည်းများ (INGOs) တို့နှင့် ပတ်သက်၍ သိသင့်သိထိုက်သော အခြေအနေနှင့် အရေးကြီးသော အနေအထားတို့ အပေါ် မူတည်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများ ပြုစုတင်ပြ ရပါမယ်။

(ဂ) လွှတ်တော်ဥက္ကဋ္ဌက လိုအပ်၍ဖြစ်စေ၊ သင့်တော်၍ဖြစ်စေ လေ့လာစေသော သို့မဟုတ် ဆောင်ရွက်စေသော အထူးကိစ္စရပ်များကိုလည်း ညွှန်ကြားချက်နှင့်အညီ လိုက်နာ ဆောင်ရွက်၍ သတ်မှတ်သည့်အတိုင်း အစီရင်ခံစာများ ပြုစုတင်ပြရပါမယ်။

(ဃ) လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် တင်သွင်းသင့်ကြောင်း မှတ်ချက်ပြုသော အစီရင်ခံစာပါ အကြောင်းအရာနှင့်ပတ်သက်၍ အသေးစိတ် ပြန်လည်ပြုစုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁ ပါ လွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်သည့် လွှတ်တော်သို့ တင်သွင်းမည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ရန် စနစ်တကျ တင်သွင်းရပါမယ်။

(င) ကော်မတီသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း၊ ပုဒ်မ ၃၅၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည့် အခွင့်အရေးများအနက် ပုဒ်မခွဲ(ဂ)ပါ အချက်ကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့် ရရှိစေရန် အလေးထား ကူညီဆောင်ရွက်ရပါမယ် -

ပုဒ်မ ၃၅၄။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး(သို့မဟုတ်) ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ဖော်ပြပါ အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့် ရှိသည် -

(၁) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ဖော်ထုတ် ပြောဆိုခွင့် ရေးသားဖြန့်ဝေခွင့်၊

(၂) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(၃) အသင်းအဖွဲ့ (သို့မဟုတ်) အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(၄) တိုင်းရင်းသား လူမျိုးတစ်မျိုးနှင့်တစ်မျိုး (သို့မဟုတ်) တိုင်းရင်းသားလူမျိုး အချင်းချင်းကိုသော်လည်းကောင်း၊ အခြားဘာသာ၊ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု ကိုးကွယ်သည့်ဘာသာ၊ သာသနာ မိမိ၏ချစ်ခင်မြတ်နိုးသည့်စိတ်၊

**ဦးခင်မောင် (ဥက္ကဋ္ဌ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ)**။ ။ ခွင့်လွှတ်ပါ။

ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

(စ) အထက်ဖော်ပြပါ ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အသင်းအဖွဲ့(သို့မဟုတ်) အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ရာတွင် နိုင်ငံသားများအနေနှင့် လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့် မရရှိခြင်း (သို့မဟုတ်) အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ် အနေနှင့် လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိခြင်း စတဲ့ကိစ္စရပ်များတွင် အခြေအနေ အရပ်ရပ်အားလေ့လာ၍ သုံးသပ်ချက်၊ ထင်မြင်ယူဆချက်နှင့်တကွ လွှတ်တော် ဥက္ကဋ္ဌ ထံသို့ တင်ပြရမည်။

(ဆ) ထို့အပြင် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်း တစ်ခုခုသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ထိပါးစေနိုင် သည့် ဆောင်ရွက်ချက်များနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထား သောဥပဒေများနှင့်ဆန့်ကျင်၍ ပြုလုပ်ဆောင်ရွက်နေမှုများကို လေ့လာတွေ့ရှိရပါက ပဏာမ လေ့လာတွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာ တင်ပြ ရပါမယ်။

(ဇ) ကော်မတီသည် အခြားလွှတ်တော်များတွင် အခြားနိုင်ငံလွှတ်တော်များတွင် NGOs နှင့် INGOs များနှင့်ပတ်သက်၍ ကော်မတီ၊ ကော်မရှင်၊ အဖွဲ့ စသည်ဖြင့် ဖွဲ့စည်း ဆောင်ရွက်ပုံများကို လေ့လာ၍ တွေ့ရှိချက်များအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ သွားရမည်။

(ဈ) ကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ လူမှု ဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစရှိသော ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရ ဝန်ကြီးဌာနများနှင့် လိုအပ်သလို ဆက်သွယ်၍ တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသော နိုင်ငံတကာ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ စာရင်းနှင့် အချက် အလက်များကို လေ့လာစုဆောင်း ပြုစုရမည်။ အဆိုပါ အဖွဲ့အစည်း၊ အသင်းအဖွဲ့များ နှင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် လမ်းကြောင်းများဆိုင်ရာ အချက်အလက် များကိုလည်း ရယူ ပြုစုထားရမည်။

(ည) ပြည်တွင်းပြည်ပတို့မှ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား အမျိုးအစားနှင့် လုပ်ငန်းများအလိုက်ခွဲခြား၍ စာရင်းဇယားများပြုစုထားပြီး ၎င်းတို့ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ တာဝန်လုပ်ငန်းဆောင်ရွက်ပုံနှင့် အောင်မြင်မှု ရှိ/မရှိ အခြေအနေများကို လေ့လာသုံးသပ်၍ မှတ်တမ်းများ ပြုစုထားရမည်။ မှတ်တမ်းများအား လွှတ်တော် ဥက္ကဋ္ဌက တောင်းခံသည့်အခါ စနစ်တကျ တင်ပြရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များကတော့**

၅။ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီသည်အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကို သော်လည်းကောင်း၊ ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(ခ) ထို့အပြင် ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ၊ လိုအပ်သည့် ပြည်တွင်းနေရာဒေသ၊ အသင်းအဖွဲ့ရုံး၊ အလုပ်ရုံ၊ လုပ်ငန်းတည်နေရာ (သို့မဟုတ်) အစိုးရရုံးဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံတကာ အဖွဲ့အစည်းရုံးဌာနများသို့ တာဝန်အရ သွားရောက်လေ့လာ ဆောင်ရွက်နိုင်သည်။ ထိုသို့ သွားရောက်လေ့လာ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်း တင်ပြပြီး လွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်။

(ဂ) နိုင်ငံတော်အစိုးရက ဖွဲ့စည်းထားသော လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူ့အခွင့်အရေး အစရှိသည့် လုပ်ငန်းဆိုင်ရာအသင်းအဖွဲ့၊ အစည်းအရုံး၊ ကော်မတီ အဖွဲ့အစည်းများသို့လည်း တာဝန်နှင့် ဆက်စပ်မှုရှိပါက သွားရောက်လေ့လာနိုင်သည်။ မေးမြန်းဆွေးနွေးနိုင်သည်။

(ဃ) ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်ပေးရန်သင့်သော (သို့မဟုတ်) လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည့်စုံ စွာ ပြုစု တင်ပြရမည်။

(င) အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများနှင့် ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များ မေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ်များပေးခြင်း၊ လုပ်ငန်းတိုးတက် အောင်မြင်မှု ရရှိစေရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်သည်။

(စ) အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့်ပတ်သက်၍မူ မိမိက ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ လွှတ်တော်ရုံး၏ အစီအစဉ်ဖြင့်သာ တရားဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဆ) အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများက ကော်မတီ (သို့မဟုတ်) ကော်မတီဝင်များထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်းပြုနိုင်သည်။ အကယ်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရန် အချိန်မမီပါက တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း ဆောင်ရွက်ချက်များကို လွှတ်တော် ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

(ဇ) အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ချက်များအား အရေးပါမှုဦးစားပေးအလိုက် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများကို ပြုစုတင်ပြသွားရမည်။

**အစည်းအဝေးများကျင်းပခြင်း**

၆။ အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို အောက်ပါအတိုင်းကျင်းပပြုလုပ်ခဲ့ပါသည်-

(က) ပထမအကြိမ်၊ အမျိုးသားလွှတ်တော်၊ တတိယပုံမှန်အစည်းအဝေးတွင် (၈)ကြိမ်

(ခ) ပထမအကြိမ်၊ အမျိုးသားလွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေးတွင် (၂)ကြိမ်

(ဂ) ပထမအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေးတွင် (၂)ကြိမ်

(ဃ) ပထမအကြိမ်၊ အမျိုးသားလွှတ်တော်၊ ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် (၆)ကြိမ်

(င) ပထမအကြိမ်၊ အမျိုးသားလွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေးတွင် (၃) ကြိမ်

(စ) ပထမအကြိမ်၊ အမျိုးသားလွှတ်တော်၊ အဋ္ဌမပုံမှန်အစည်းအဝေးတွင် (၁)ကြိမ်

(ဆ) ပထမအကြိမ်၊ အမျိုးသားလွှတ်တော်၊ နဝမပုံမှန်အစည်းအဝေးတွင် (၅)ကြိမ်

(ဇ) ပထမအကြိမ်၊ အမျိုးသားလွှတ်တော်၊ ဒသမပုံမှန်အစည်းအဝေးတွင် (၁)ကြိမ်

(ဈ) ပထမအကြိမ်၊အမျိုးသားလွှတ်တော်၊(၁၁)ကြိမ်မြောက်အစည်းအဝေးတွင် (၁)ကြိမ်

(ည) ပထမအကြိမ်၊အမျိုးသားလွှတ်တော်၊(၁၂)ကြိမ်မြောက်အစည်းအဝေးတွင် (၃)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

**အစီရင်ခံစာတင်သွင်းခြင်း**

၇။ အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီသည် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ အောက်ပါအတိုင်း အစီရင်ခံစာများ တင်သွင်းခဲ့ပါသည်-

(က) ပထမအကြိမ်၊ အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အစီရင်ခံစာကို တင်သွင်းခဲ့ပါတယ်။

(ခ) ပထမအကြိမ်၊ အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင်လည်းပဲ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို တင်သွင်းခဲ့ပါတယ်။

**ပြည်တွင်းအစိုးရမဟုတ်သောအသင်းအဖွဲ့ (NGO)**

၈။ ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေအရ ဖွဲ့စည်းခွင့်ပြုခဲ့သော ပြည်တွင်း အစိုးရမဟုတ်သော အသင်းအဖွဲ့(NGO) (၆၆၆)သင်း ရှိပါတယ်။ အဲဒီအသင်း အမျိုးအစား များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | မြို့နယ်(ဇာတိရပ်ရွာ)အမည်ခံအသင်း | ၁၅၄ | သင်း |
| (ခ) | ပညာရေးဆောင်ရွက်မှုအသင်း | ၂၉ | သင်း |
| (ဂ) | ကျန်းမာရေးဆောင်ရွက်မှုအသင်း | ၆၇ | သင်း |
| (ဃ) | အားကစားဆောင်ရွက်မှုအသင်း | ၁၅ | သင်း |
| (င) | ဝန်ထမ်းအငြိမ်းစား/ကျောင်းသားဟောင်းများအသင်း | ၁၆ | သင်း |
| (စ) | သက်ကြီးရွယ်အိုနှင့်မိဘမဲ့ကလေးသူငယ်စောင့်ရှောက်မှုအသင်း | ၄၅ | သင်း |
| (ဆ) | စာပေယဉ်ကျေးမှုအသင်း | ၂၇ | သင်း |
| (ဇ) | နာရေးကူညီမှုအသင်း | ၈၆ | သင်း |
| (ဈ) | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် ကာကွယ်ရေးအသင်း | ၂၅ | သင်း |
| (ည) | အခြားလူမှုရေးလုပ်ငန်းများဆောင်ရွက်သောအသင်း ဖြစ်ပါတယ်။ | ၁၉၉ | သင်း |

၉။ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အသင်းအဖွဲ့ (INGO) အမျိုးအစားများကတော့ (၁၀၆) သင်း ရှိပါတယ်။ အဲဒီအသင်းတွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်-

| | | | |
|---|---|---|---|
| (က) | ကယ်/ဆယ်ထူထောင်ရေးအသင်း (လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့်ဆောင်ရွက်သော အသင်းများ) | ၂၀ | သင်း |
| (ခ) | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း (ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆောင်ရွက်သောအသင်းများ) | ၈ | သင်း |

(ဂ) လူမှုရေးအသင်း ၂၀ သင်း

(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာနနှင့် ဆောင်ရွက်သောအသင်းများ)

(ဃ) ပညာရေးအသင်း ၁၃ သင်း

(ပညာရေးဝန်ကြီးဌာနနှင့် ဆောင်ရွက်သောအသင်းများ)

(င) ကျန်းမာရေးအသင်း ၄၄ သင်း

(ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆောင်ရွက်သောအသင်းများ)

၁၀။ အထက်အပိုဒ် (၉)ပါ (INGO) (၁၀၆)သင်း၏ အခြေစိုက်နိုင်ငံများမှာ အင်္ဂလန်နိုင်ငံ အခြေစိုက်(၁၆)သင်း၊ အမေရိကန်နိုင်ငံ အခြေစိုက် (၂၅)သင်း၊ ပြင်သစ်နိုင်ငံ အခြေစိုက် (၁၁)သင်း၊ ဂျပန်နိုင်ငံ အခြေစိုက် (၁၁)သင်း၊ ဂျာမနီနိုင်ငံ အခြေစိုက် (၃)သင်း၊ အီတလီနိုင်ငံ အခြေစိုက် (၇)သင်း၊ ထိုင်းနိုင်ငံ အခြေစိုက် (၄)သင်း၊ ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် (၇)သင်း၊ ကိုးရီးယားနိုင်ငံ အခြေစိုက် (၅)သင်း၊ ဩစတြေးလျနိုင်ငံ အခြေစိုက် (၂)သင်း၊ တောင်အာဖရိကနိုင်ငံ အခြေစိုက် (၁) သင်း၊ ဟော်လန်နိုင်ငံ အခြေစိုက် (၄)သင်း၊ ဒိန်းမတ်နိုင်ငံ အခြေစိုက် (၂)သင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အခြေစိုက် (၁)သင်း၊ နော်ဝေနိုင်ငံ အခြေစိုက် (၂)သင်း၊ အိုင်ယာလန်နိုင်ငံ အခြေစိုက် (၁)သင်း၊ သီရိလင်္ကာနိုင်ငံ အခြေစိုက် (၁)သင်း၊ ကနေဒါနိုင်ငံ အခြေစိုက် (၁)သင်း၊ ဆွီဒင်နိုင်ငံ အခြေစိုက် (၁)သင်း၊ ဆလိုဗက်ကီယား နိုင်ငံ အခြေစိုက် (၁) သင်းတို့ ဖြစ်ပါသည်။

**နိဂုံး**

၁၁။ နိုင်ငံတော်အစိုးရမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်ကို ချမှတ် ဆောင်ရွက်တဲ့အခါမှာ အစိုးရမဟုတ်သည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများကို အားပေးခြင်းနှင့် လမ်းကြောင်းမှန်ကို ညွှန်ပြပေးခြင်းအားဖြင့် ပြည်သူ့ဘဝတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်မည်ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့လိုအပ်ချက် နိုင်ငံတော်မှာ လိုအပ်လျက်ရှိနေတဲ့ ရေးရာကဏ္ဍ အသီးသီးမှ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးတည်ပြီး ယခုထက်ပိုမိုထိရောက် ကျယ်ပြန့်၍ သွက်လက်ထက်မြက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးသို့ ဦးတည်လျက်ရှိပါတယ်။ ထို့ကြောင့် အမျိုးသား လွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးအား ရည်မှန်းကာ အနှောင်အဖွဲ့ကင်းစွာဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါဝင်ပူးပေါင်းဆောင်ရွက်လာမည့် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်း အသီးသီးတို့ကို လိုအပ်သည့်ဘက်မှ ဖြည့်ဆည်းပေးခြင်းအားဖြင့် တစ်ဖက်တစ်လမ်းမှ နိုင်ငံတော်အကျိုးကို သယ်ပိုး ဆောင်ရွက်သွားနိုင်မည်ဖြစ်တဲ့ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကာလများအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးဆလိုင်းခွဲယန် (အတွင်းရေးမှူး၊ တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ တိုင်းရင်းသားရေးရာပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီရဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် သက်တမ်းအတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု အစီရင်ခံ စာကို အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော်ကနေ ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားရေးရာပဋိပက္ခဖြေလျှော့ရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းအတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု အစီရင်ခံစာ**

**နိဒါန်း**

၁။ အမျိုးသားလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင် ကြသော တိုင်းရင်းသားလူမျိုးများ၏ ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းများဆောင်ရွက်နိုင် ရန်၊ ပဋိပက္ခများ လျော့နည်းစေနိုင်ရန်နှင့် တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေး ဆောင်ရွက်ရာတွင်

အထောက်အကူပြုနိုင်ရန်အတွက် တိုင်းရင်းသားရေးရာနှင့် ပတ်သက်သည့် ကော်မတီကို အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပါသည်။

**ရည်ရွယ်ချက်**

၂။ ကော်မတီ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန်နားလည်မှု တည်ဆောက်နိုင်ရန်၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်းဖော်ဆောင်နိုင်ရန်၊

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အစဉ်ထာဝရ ချစ်ကြည်ရင်းနှီးမှု ရရှိရန်နှင့် တည်ငြိမ်အေးချမ်းမှုရှိရန်၊

(ဃ) တိုင်းရင်းသားလူမျိုးများ၏ မူလအခွင့်အရေးများနှင့်တာဝန်ဆိုင်ရာများ လေ့လာရန်၊

(င) တိုင်းရင်းသားလူမျိုးများ၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများလေ့လာရန်၊

(စ) တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ လေ့လာရန်။

**ကော်မတီစတင်ဖွဲ့စည်းခြင်း**

၃။ အမျိုးသားလွှတ်တော်သည် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ နည်းဥပဒေ ၇၉ အရ တိုင်းရင်းသားရေးရာနှင့် ပတ်သက်သော ကော်မတီကို အောက်ပါအတိုင်း (၅)ကြိမ် အဆင့်ဆင့် ဖွဲ့စည်းခဲ့ပါသည်။

အမျိုးသားလွှတ်တော်၏ (၂၂.၈.၂၀၁၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊(၂/၂၀၁၁)ဖြင့် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီကို အဖွဲ့ဝင်(၁၀)ဦးဖြင့် ဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ် ဦးစံထွန်း က ဆောင်ရွက်ပြီး အတွင်းရေးမှူးအဖြစ် ဗိုလ်မှူးကြီးလှထွန်း က ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်၏(၂၆.၁.၂၀၁၂)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊(၅/၂၀၁၂)ဖြင့် အဖွဲ့ဝင်(၁၅)ဦးပါဝင်သော တိုင်းရင်းသားရေးရာကော်မတီကိုလည်း ပြင်ဆင်ဖွဲ့စည်း ပေးခဲ့ပါတယ်။ ဥက္ကဋ္ဌအဖြစ် ဦးဆိုင်ပေါင်းနပ် က ဆောင်ရွက်ပြီး အတွင်းရေးမှူးအဖြစ် ဦးခက်ထိန်နန် က ဆောင်ရွက် ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်၏ (၅.၈.၂၀၁၃)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၃၁/၂၀၁၃)ဖြင့် အဖွဲ့ဝင်(၁၅)ဦး ပါဝင်သော တိုင်းရင်းသားရေးရာကော်မတီကို အောက်ပါအတိုင်း ထပ်မံပြင်ဆင် ဖွဲ့စည်း ပေးခဲ့ပါတယ်။ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ် က ဆောင်ရွက်ပြီး အတွင်းရေးမှူးအဖြစ် ဦးဆလိုင်းခွဲယန် က ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်၏ (၁၈.၇.၂၀၁၄)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၃၄/၂၀၁၄)ဖြင့် အဖွဲ့ဝင်(၁၀)ဦးပါဝင်သော တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီကို အောက်ပါအတိုင်းပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါတယ်။

| | | | |
|---|---|---|---|
| (၁) | ဦးခက်ထိန်နန် | မဲဆန္ဒနယ်အမှတ်(၁)၊ ကချင်ပြည်နယ် | ဥက္ကဋ္ဌ |
| (၂) | ဦးစခုန်တိန့်ယိန်း | မဲဆန္ဒနယ်အမှတ်(၄)၊ ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (၃) | ဦးဆန်းရယ် | မဲဆန္ဒနယ်အမှတ်(၅)၊ ကယားပြည်နယ် | အဖွဲ့ဝင် |
| (၄) | ဦးမန်းကံညွန့် | မဲဆန္ဒနယ်အမှတ်(၂)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၅) | ဦးစောမြဝင်း | မဲဆန္ဒနယ်အမှတ်(၁၁)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၆) | ဦးပေါ်လျှံလွင် | မဲဆန္ဒနယ်အမှတ်(၉)၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| (၇) | ဦးမြင့်လှိုင် | မဲဆန္ဒနယ်အမှတ်(၁၂)၊ ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (၈) | ဦးလျှူကွယ်ရှိ | မဲဆန္ဒနယ်အမှတ်(၁၁)၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (၉) | ဗိုလ်မှူးကြီး ဝင်းလွင်ဦး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၀) | ဦးဆလိုင်းခွဲယန် | မဲဆန္ဒနယ်အမှတ်(၁၂)၊ ချင်းပြည်နယ် | အတွင်းရေးမှူး |

တို့ ဖြစ်ပါတယ်။

**လုပ်ငန်းတာဝန်များ**

၄။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည် -

(က) တိုင်းရင်းသားညီအစ်ကို အချင်းချင်းအပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုများ ပိုမိုတည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(ခ) တိုင်းရင်းသားများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မိမိတို့ရရှိထိုက်သည့်မူလအခွင့်အရေးများရရှိရန်နှင့် တာဝန်ဝတ္တရားများကို လေးစားလိုက်နာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ ဘာသာ၊ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ဖော်ထုတ်ပျိုးထောင်ပေးရန်၊

(ဃ) တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖွဲ့စည်းထားသော ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ ကော်မရှင်များနှင့်လည်းကောင်း ၊ကော်မတီလုပ်ငန်းနှင့်သက်ဆိုင်သော ပြည်ထောင်စုအဆင့် အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ရေးရာကော်မတီနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်း ရေးအဖွဲ့မှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ လုပ်ငန်း၏ရည်ရွယ်ချက်ကို ဖော်ဆောင်ခြင်း၊

(စ) ပြည်တွင်းပဋိပက္ခ ဖြေရှင်းရေးကိစ္စအတွက် နယ်မြေဒေသများသို့ သွားရောက်ရန် လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်ရရှိပါက ပြည်ထောင်စု အစိုးရ၊ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်အစိုးရတို့နှင့် ညှိနှိုင်းရန်နှင့်လေ့လာတင်ပြရန်အတွက် ကော်မတီဝင်(၃)ဦးဖြင့် သွားရောက်ဆောင်ရွက်ခြင်း၊

(ဆ) လတ်တလော ပဋိပက္ခဖြစ်ပွားသည့်ဒေသများ၏ ဖြစ်စဉ်များလေ့လာ၍ အကြောင်းအရင်းဖော်ထုတ်ခြင်းနှင့် ယင်းအချက်အကြောင်းအရာများ အပေါ်အခြေခံ၍ ထပ်မံမပေါ်ပေါက်စေရေးအတွက် ဆောင်ရွက်သင့်သည့် အချက်အလက်များ လေ့လာပြုစုတင်ပြခြင်း၊

(ဇ) ဒေသအလိုက် ပဋိပက္ခဖြစ်ပေါ်လာနိုင်သည့် အခြေခံအချက်အလက်များ ကြိုတင်ခန့်မှန်းရှာဖွေခြင်းနှင့် ဖြစ်ပေါ်မလာစေရေး ကြိုတင်စီစဉ် ဆောင်ရွက်သင့်သည့် နည်းလမ်းများ လေ့လာဖော်ထုတ်တင်ပြခြင်း၊

(ဈ) ငြိမ်းချမ်းရေးဖော်ဆောင်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ကောင်းကျိုး၊ မကောင်းကျိုးသက်ရောက်မှု ရှိအောင်ဆောင်ရွက်နေသည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ အခြေအနေကို လေ့လာသုံးသပ်တင်ပြခြင်း၊

(ည) လုပ်ငန်းဆောင်ရွက်ပြီးစီးတိုင်း လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာ တင်ပြခြင်းနှင့် ကော်မတီသည် အစီရင်ခံစာကို အခါအားလျော်စွာ လွှတ်တော်သို့ တင်ပြခြင်း။

**ကော်မတီ၏လုပ်ပိုင်ခွင့်၊ရပိုင်ခွင့်နှင့်သက်တမ်းသတ်မှတ်ခြင်း**

၅။ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီအစည်းအဝေးကို လွှတ်တော်အစည်းအဝေး ကျင်းပစဉ်ကာလအတွင်း တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပပါမည်။

(ခ) ကော်မတီဝင်တိုင်းသည် အစည်းအဝေးကို အဖြစ်နိုင်ဆုံးတက်ရောက်ရမည်၊ မတက်ရောက်နိုင်ပါက ခွင့်ပန်ကြားရမည်၊ ခွင့်ပန်ကြားမှုမရှိဘဲ (၃)ကြိမ် တစ်ဆက်တည်းပျက်ကွက်ပါက ကော်မတီဝင်အဖြစ်က အလိုအလျောက်ရပ်စဲပါမည်။

(ဂ) ကော်မတီဥက္ကဋ္ဌသည် ကော်မတီအစည်းအဝေးကို သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဥက္ကဋ္ဌအစည်းအဝေးကို မတက်ရောက်နိုင်ပါက ကော်မတီဝင်တစ်ဦးဦးကို သဘာပတိအဖြစ် ညှိနှိုင်းရွေးချယ်ဆောင်ရွက်ရမည်။

(ဃ) လွှတ်တော်ကျင်းပချိန် မဟုတ်သော်လည်း တာဝန်အရသွားရောက်သည့် ခရီးများအတွက် ခရီးစရိတ်နှင့်နေ့တွက်စရိတ်များကို လုပ်ထုံးလုပ်နည်းနှင့် အညီ တောင်းခံခွင့်ရှိသည်။

(င) ကော်မတီ၏ သက်တမ်းသည် (၁-၈-၂၀၁၄)မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့် သက်တမ်းအတိုင်းဖြစ်သည်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၆။ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အစည်းအဝေးများကျင်းပခြင်း**

တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီသည် စတင်ဖွဲ့စည်းသည့် (၂၂-၈-၂၀၁၁)ရက်နေ့မှယနေ့ထိ ကော်မတီအစည်းအဝေး အကြိမ်ပေါင်း(၂၈)ကြိမ်၊ ဝန်ကြီးဌာနများနှင့်အစည်းအဝေး(၄)ကြိမ်နှင့် နိုင်ငံခြားဧည့်သည်တော်များကို လက်ခံတွေ့ဆုံခြင်း (Call)တစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

( ခ ) **တိုင်းရင်းသားရေးရာကိစ္စရပ်များဆောင်ရွက်ခြင်း**

(၁) ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဖွဲ့စည်းပေးခဲ့သော တိုင်းရင်းသားရေးရာ ကော်မတီအနေဖြင့် ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် ပူးပေါင်း၍ (၂၂-၅-၂၀၁၂)ရက်နေ့မှ (၁၁-၆-၂၀၁၂)ရက်နေ့ထိ တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ နယ်မြေဒေသ ကွင်းဆင်းလေ့လာရေးခရီးစဉ်များ သွားရောက်ခဲ့ပြီး တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပြည်သူတို့၏ လိုလားချက်များကို မေးမြန်းသိရှိပြီး အမျိုးသားလွှတ်တော်သို့ (၆-၉-၂၀၁၂)ရက်နေ့တွင်အစီရင်ခံ စာတင်သွင်းနိုင်ခဲ့ပါသည်။ ထိုကွင်းဆင်းလေ့လာရေး ခရီးစဉ်အားဖြင့် တိုင်းရင်းသားပြည်သူတို့၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်အသီးသီးသို့ အဆိုနှင့်မေးခွန်းများ တင်သွင်းမေးမြန်းနိုင်ခဲ့ပါသည်။

(၂) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ကော်မတီသည် (၆-၂-၂၀၁၄) ရက်နေ့မှ (၈-၂-၂၀၁၄)ရက်နေ့ထိ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့နယ်ခွဲ၊ မြသာကုန်းကျေးရွာ၌ ကျင်းပပြုလုပ်သော ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းဆိုင်ရာ ဂေဘားလူမျိုးတို့၏ လူထုတွေ့ဆုံပွဲသို့ သွားရောက်ခဲ့ပြီး လေ့လာတွေ့ရှိချက်အစီရင်ခံစာကို (၁၇-၃-၂၀၁၄)ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခဲ့ပါသည်။ အဆိုပါအစီရင်ခံစာအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ မှတ်ချက်အရ (၁၈-၃-၂၀၁၄)ရက်နေ့တွင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးသို့ ဆက်လက်ပေးပို့ခဲ့ကြောင်း သိရှိခဲ့ရပါသည်။

(၃) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ၊ ခိုလုံလီရှော(ခ)လီရှောတိုင်းရင်းသားယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်က တင်ပြလာသော ခိုလုံလီရှော(ခ)လီရှောတိုင်းရင်းသားများ၏ အရေးနှင့်စပ်လျဉ်းပြီး လေ့လာတင်ပြရန် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် (၂၈-၃-၂၀၁၄)ရက်နေ့မှ (၄-၄-၂၀၁၄) ရက်နေ့ထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်ရှိ ခိုလုံ လီရှော(ခ)လီရှောတိုင်းရင်းသား အများစုနေထိုင်ရာ ပန်ဆေးဒေသသို့ သွားရောက် လေ့လာခဲ့ပြီးကော်မတီ၏ အစီရင်ခံစာကို(၃၀-၄-၂၀၁၄)ရက်နေ့

တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်တင်ပြနိုင်ခဲ့ပါသည်။ ထို့ပြင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ မှတ်ချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသို့ ဆက်လက်ညှိနှိုင်းပေးပို့နိုင်ခဲ့ပါသည်။

(၄) အခြေခံပညာ ကျောင်းများတွင် တိုင်းရင်းသား စာပေသင်ကြားရေးနှင့် ပတ်သက်ပြီး လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများကို သိရှိနိုင်ရန်အတွက် (၁၀-၆-၂၀၁၅) ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအား ဖိတ်ခေါ်တွေ့ဆုံ မေးမြန်းဆွေးနွေးနိုင်ခဲ့ပါသည်။

(၅) တိုင်းရင်းသားစာပေကို အခြေခံပညာကျောင်းများတွင် သင်ကြားပေးနိုင်ရန်၊ တိုင်းရင်းသား အစီအစဉ်ကို ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပေးနိုင်ရန်နှင့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအနုပညာများကို အစိုးရမှ ဖော်ထုတ် ထိန်းသိမ်း မြှင့်တင်ခြင်း ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်ထောင်စု လွှတ်တော်၌ ၂၀၁၂ ခုနှစ်၊ မတ်လတွင် ကော်မတီအတွင်းရေးမှူး တာဝန် ထမ်းဆောင်ခဲ့သော ဦးခက်ထိန်နန်မှ တင်ပြဆွေးနွေးခဲ့ပါသည်။ ထိုတင်ပြချက် နှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မှ ပြည်ထောင်စု လွှတ်တော်တွင် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပြီး ယခုအခါ အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ထို့အပြင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရများတွင် တိုင်းရင်းသား ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းခွင့်(လုပ်ပိုင်ခွင့်) ပြဋ္ဌာန်း သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုလည်း တင်သွင်းအတည်ပြုနိုင်ခဲ့ပါသည်။

(၆) ဘာသာရေးဆိုင်ရာလုပ်ငန်း အစီအမံများကို ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြဋ္ဌာန်း ထားသော လုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အစိုးရ များ၏ အစီအမံဖြင့် စီမံခန့်ခွဲခွင့်ပြုနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုကော်မတီဝင် ဦးပေါ်လျံလွင် က အဆိုတင်သွင်းပြီး လွှတ်တော်က အတည်ပြုခဲ့ပါသည်။ ယခုအခါ ပြည်ထောင်စုအစိုးရကလည်း အကောင်အထည် အထည်ဖော်လျက်ရှိပါသည်။

(၇) ကော်မတီအနေဖြင့်(၂၀၁၄)ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း မကောက်မီ (၂၈-၁-၂၀၁၄)ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သန်းခေါင်စာရင်း ကောက်ယူရေးကိစ္စ ရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ သန်းခေါင်စာရင်းကောက်ယူပြီး (၁၆-၂-၂၀၁၅)ရက်နေ့တွင် တစ်ကြိမ်ထပ်မံ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး၊ ဆွေးနွေးချက်များအရ ၂၀၁၄ခုနှစ်၊ နိုင်ငံအဝန်း ဆောင်ရွက်သော သန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် ပတ်သက်၍

တိုင်းရင်းသားများ အချို့သည် ၎င်းတို့၏ အမည်နာမများနှင့် ပတ်သက်၍ သော်လည်းကောင်း၊ မည်သည့်တိုင်းရင်းသားလူမျိုးစုတွင် ပါဝင်နေသည် ဆိုသည့်အချက်နှင့် ပတ်သက်၍သော်လည်းကောင်း စိုးရိမ်လျက်ရှိနေကြ သည်ကို သိရှိရပါသည်။ သို့ရာတွင် တိုင်းရင်းသားလူမျိုးရေးရာ ကိစ္စရပ် များ၊ ကိုးကွယ်သည့်ဘာသာ၊ အလုပ်အကိုင်နှင့်လုပ်ငန်း ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ရန် ကျန်ရှိနေသေးသဖြင့် ပင်မအစီရင်ခံစာတွင် ပါဝင်နိုင်ခြင်းမရှိကြောင်းသိရှိရပါသည်။ တိုင်းရင်းသား လူမျိုးအမည်စာရင်း မှန်ကန်ရေးအတွက် သက်ဆိုင်ရာ လူမျိုးစုများနှင့် ညှိနှိုင်းဆွေးနွေးပြီး သဘော တူညီမှုရရှိရေး ဆက်လက်ဆောင်ရွက်ရန်ရှိပါကြောင်း လေ့လာသိရှိရပါသည်။

(၈) ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက် အရ (၁၇-၁၂-၂၀၁၂) နေ့တွင်ဗီယက်နမ်နိုင်ငံ၊ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသား ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H. E Mr, GiangA Chu (Vice Chairman of Nationalities Council of the Parliament of Vietnam)နှင့်အဖွဲ့အား ရေးရာဆောင်အမှတ် (I-18)တွင် လက်ခံတွေ့ဆုံနိုင်ခဲ့ပါသည်။ ယင်းသို့တွေ့ဆုံ ဆွေးနွေးရာတွင် နှစ်နိုင်ငံလွှတ်တော်များအနေဖြင့် အမျိုးသားရေးရာ ကိစ္စရပ် များ ဆောင်ရွက်ရာတွင် နှစ်နိုင်ငံလွှတ်တော်များအနေဖြင့် ဥပဒေရေးဆွဲရေး နှင့် အတည်ပြု ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်မှုများနှင့် ပတ်သက်၍ သော်လည်း ကောင်း၊ အမြင်ချင်းဖလှယ်ရန် ဆွေးနွေးနိုင်ခဲ့ပြီး တွေ့ဆုံဆွေးနွေးမှု မှတ်တမ်း ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခဲ့ပါ သည်။

(၉) ပြည်ထောင်စုအစိုးရအဖွဲ့ ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၂ခုနှစ်၊ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးများမှ တာဝန်ရှိသူများအား ဖိတ်ခေါ်၍(၂၂ -၂ -၂၀၁၂)ရက်နေ့ တွင် အစည်းအဝေးကျင်းပနိုင်ခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်များအရ ကော်မတီ၏သဘောထားမှတ်ချက်အား (၅-၃-၂၀၁၂)ရက်နေ့တွင် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့နိုင်ခဲ့ပါသည်။

(ဂ) **ငြိမ်းချမ်းရေးကိစ္စရပ်များဆောင်ရွက်ခြင်း**

(၁) ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင် နိုင်ရန် နှစ်ဦးနှစ်ဖက်ယုံကြည်မှုရရှိမည့် ခိုင်မာသော အခြေခံမှုများ ချမှတ် ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကော်မတီ ဥက္ကဋ္ဌဦးခက်ထိန်နန် မှ (၁၈-၁-၂၀၁၃)နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး သို့ တင်သွင်း အတည်ပြုနိုင်ခဲ့ပါသည်။

(၂) ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်

အကောင်အထည် ဖော်ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကော်မတီဥက္ကဋ္ဌ၊ ဦးခက်ထိန်နန် မှ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တင်သွင်း အတည်ပြုနိုင်ခဲ့ပါသည်။

(၃) ကော်မတီဥက္ကဋ္ဌ၊ ဦးခက်ထိန်နန် သည် ၂၀၁၁ ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ်အထိ နေရာဒေသအသီးသီး၌ ကျင်းပခဲ့သောအစိုးရနှင့် (KIO/KIA)ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင်လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)တို့ ငြိမ်းချမ်းရေး ဆွေးနွေးရာတွင်လည်းကောင်း ပါဝင်တက်ရောက်နိုင်ခဲ့ပါသည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် နိုင်ငံတော်သမ္မတ ဦးဆောင်၍ ဒုတိယသမ္မတ(၂)ဦး၊ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များပါဝင်သည့် ပြည်ထောင်စုနေ့ (၁၂-၂-၂၀၁၅) ရက်နေ့တွင် ငြိမ်းချမ်းရေးအတွက် ကတိကဝတ်သဘောတူညီချက် လက်မှတ်ရေးထိုးသော အစည်းအဝေး၌သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပါဝင်လျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၁၃-၂-၂၀၁၅) ရက်နေ့တွင် တွေ့ဆုံသော အစည်းအဝေးတွင်သော်လည်းကောင်း ပါဝင်နိုင်ခဲ့ပါသည်။ (၃၁-၃-၂၀၁၅) ရက်နေ့ နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (မူကြမ်း)ကို လက်မှတ်ရေးထိုးခဲ့ကြသော ပုဂ္ဂိုလ်(၁၀)ဦး၌ ဤကော်မတီဥက္ကဋ္ဌ ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

(၄) ဤကော်မတီဥက္ကဋ္ဌသည် (၁၅-၁၀-၂၀၁၅) ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပါဝင်တက်ရောက်နိုင်ခဲ့ပါသည်။

(၅) ဤကော်မတီ ဥက္ကဋ္ဌသည် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဖွဲ့စည်းရာတွင် အစိုးရ၊ လွှတ်တော်နှင့်တပ်မတော် အစုအဖွဲ့မှ(၁၆)ဦး ဖွဲ့စည်းရာ၌ပါဝင်ခဲ့ပြီး ငြိမ်းချမ်းရေးကိစ္စ၊ နိုင်ငံရေးဆွေးနွေးရန်ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

(၆) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ အစိုးရအဖွဲ့မှ ကိုယ်စားလှယ်(၇၅)ဦး၊ လွှတ်တော်မှ ကိုယ်စားလှယ်(၇၅)ဦး၊ တပ်မတော်မှ ကိုယ်စားလှယ်(၁၅၀)ဦး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁၅၀)ဦး၊ တရားဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်(၁၅၀)ဦး၊ တိုင်းရင်းသားကိုယ်စားလှယ်(၅၀)ဦး၊ အခြားပါဝင်သင့်ပါဝင်ထိုက်သူများမှ ကိုယ်စားလှယ်

(၅၀)ဦး စုစုပေါင်း(၇၀၀)ဦး ပါဝင်တက်ရောက်ရန် သဘောတူညီခဲ့ကြပါသည်။ နိုင်ငံရေးဆွေးနွေးမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို (၁၂-၁-၂၀၁၆) ရက်နေ့တွင် နေပြည်တော်၌ စတင်ကျင်းပမည်ဖြစ်ပါသည်။

(ဃ) **ကူညီထောက်ပံ့ခြင်းများဆောင်ရွက်ခြင်း**

(၁) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ကော်မတီဝင်တို့နှင့်အတူ ဤကော်မတီဥက္ကဋ္ဌ ဦးခက်ထိန်နန်တို့သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဝိုင်းမော်မြို့၊ ဗန်းမော်မြို့များသို့ သွားရောက်ပြီး ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ စစ်ရှောင်ပြည်သူများအတွက် ကျပ်သိန်းပေါင်း(၂၀၀၀)ကျော်ကို ကူညီထောက်ပံ့နိုင်ခဲ့ကြပါသည်။

(၂) ကချင်ပြည်နယ်ရှိ စစ်ရှောင်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရေးအတွက် ကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ ၂၀၁၂ ခုနှစ် မှ ၂၀၁၄ ခုနှစ်အတွင်း အလှူငွေ ကျပ်သိန်းပေါင်း(၅၀၀၀) ကျော်ကို ရှာဖွေကူညီ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ထိုသို့ကူညီဆောင်ရွက်ခဲ့ရာတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသော ဒေါက်တာခင်ရွှေ မှ ကျပ်သိန်း(၃၀၀)၊ ဦးနေဝင်းထွန်း မှ ကျပ်သိန်း (၂၀၀)နှင့် အခြားသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များမှလည်း တတ်အားသရွေ့ ပါဝင်လှူဒါန်းခဲ့ကြပါသည်။

**ကော်မတီအစီရင်ခံစာတင်သွင်းခြင်း**

၇။ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီအနေဖြင့် (၆-၉-၂၀၁၂) ရက်နေ့တွင် ကော်မတီအစီရင်ခံစာ(၁)ကြိမ်နှင့် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဥ် ကော်မတီအနေဖြင့် (၂-၄-၂၀၁၅)ရက်နေ့တွင် အစီရင်ခံစာ(၁)ကြိမ်၊ စုစုပေါင်း(၂)ကြိမ် အမျိုးသားလွှတ်တော်သို့ တင်သွင်းနိုင်ခဲ့ပါသည်။

**နိဂုံး**

၈။ ဤကော်မတီအနေဖြင့် ပြည်နယ်/ တိုင်းဒေသကြီး (၁၄)ခုသို့ ကွင်းဆင်းလေ့လာရေးခရီးစဥ်များ သွားရောက်နိုင်ခဲ့ခြင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ပတ်သက်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဥ်များတွင် အဆင့်ဆင့်ပါဝင်နိုင်ခဲ့ခြင်းနှင့် နေရပ်စွန့်ခွာ စစ်ရှောင်ပြည်သူများအား ထောက်ပံ့ကူညီမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤကဲ့သို့ ပါဝင်ကူညီဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ပေးသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား ဤကော်မတီမှ အထူးကျေးဇူးတင်ရှိကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဥ်ကော်မတီ
အမျိုးသားလွှတ်တော်။

ခိုလုံလီရွာတိုင်းရင်းသားများ တွေ့ဆုံပွဲအခမ်းအနား မြင်ကွင်းပုံ (၉)




မန်စီမြို့ စစ်ရှောင်စခန်းတွင် ထောက်ပံ့ငွေပေးအပ်ခြင်း ၂-၁-၂၀၁၅ မြင်ကွင်းပုံ (၉-၁)



အစည်းအဝေး ကျင်းပပြုလုပ်နေပုံ (၉-၂)



**အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်(၁၉)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၀)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက် နေ့ကို ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]